# ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ လမ်းညွှန်




## ရုပ်မြင်သံကြားအစီအစဉ်အတွဲ (၂)

### ကော်ဖီ သို့မဟုတ် ရှာင်ဒေသ၏ အဓိကထွက်ကုန် (ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်တောင်ပိုင်း)

International Development
Australian Broadcasting Corporation

# ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ လမ်းညွှန်

## ရုပ်မြင်သံကြားအစီအစဉ်အတွဲ (၂)။ ။ ကော်ဖီ သို့မဟုတ် ရှာငံဒေသ၏ အဓိကထွက်ကုန် (ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်တောင်ပိုင်း)

## မိတ်ဆက်နိဒါန်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်အတွင်း နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာအကူအညီဖြင့် အကောင်အထည်ဖော်လျက်ရှိသော အရည်အသွေးမြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအကြောင်း ရိုက်ကူးထားသည့် တီဗွီဇာတ်လမ်းနှင့် တွဲဖက်ပြီး အသုံးပြုရန် ဤလွှက်ရည်ကြမ်းစကားပိုင်း ဆွေးနွေးပွဲလမ်းညွှန်ကို ပြုစုထားခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ ကော်ဖီစိုက်တောင်သူများအနေဖြင့် တီဗွီဇာတ်လမ်းကို ကြည့်ရှုပြီးနောက် ဤလမ်းညွှန်အတိုင်း ဆွေးနွေးခြင်းဖြင့် ရှာငံဒေသမှာ နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးမြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များနှင့် ဗဟုသုတများ တိုးပွားရရှိစေရန်နှင့် ဆွေးနွေးပွဲတွင် ပါဝင်ပြီးနောက် ၎င်းတို့၏ သဘောထား အလေ့အကျင့်များ ပြောင်းလဲတိုးတက်လာစေရန် ရည်ရွယ်ပါသည်။

## ရည်ရွယ်ချက်များ

ဤဆွေးနွေးခန်းအစီအစဉ်ပြီးသည့်နောက် ပါဝင်ဆွေးနွေးသူများသည် ကော်ဖီစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ သတင်းအချက်အလက်နှင့် ဗဟုသုတများရရှိပြီး၊ အောက်ပါရည်ရွယ်ချက်များအတိုင်း သဘောထား အလေ့အကျင်များ ပြောင်းလဲတိုးတက်လာစေမည်။

၁။ မိရိုးဖလာစိုက်ပျိုးနည်းမှ ခေတ်မီစိုက်ပျိုးနည်းစနစ်များသို့ ကူးပြောင်းကျင့်သုံးခြင်းဖြင့် အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်သော ကော်ဖီစေ့များ ထုတ်လုပ်နိုင်ရန်။
၂။ ကော်ဖီအရည်အသွေး မြင့်မားလာစေရန် ကော်ဖီသီးခူးစွက်ချိန်မှ ကော်ဖီစေ့ထုတ်လုပ်ချိန်အထိ အဆင့်ဆင့်သော ခေတ်မီနည်းစနစ်များကို တောင်သူများ လေ့လာသင်ယူ၍ လက်တွေ့ကျင့်သုံးခြင်းဖြင့် ဝင်ငွေတိုးပွားရေး ဆောင်ရွက်နိုင်ရန်။
၃။ ကော်ဖီစိုက် တောင်သူများ အသင်းအဖွဲ့ဖွဲ့၍ ပူးပေါင်းဆောက်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေး တူညီသော ကော်ဖီစေ့များ ထုတ်လုပ်နိုင်ရန်။
၄။ နိုင်ငံသား ကော်ဖီလုပ်ငန်းရှင်များ စုစည်းပူးပေါင်းမှုအင်အားဖြင့် လိုအပ်သော အရင်းအနှီးများထည့်ဝင်ပြီး နိုင်ငံတကာအဆင့်မီ ကော်ဖီထုတ်လုပ်သည့်စက်ရုံ တည်ဆောက်၍ နိုင်ငံခြားပို့ကုန် ကော်ဖီထုတ်လုပ်မှု မြှင့်တင်ခြင်း

**ဦးဆောင်ဆွေးနွေးသူ။** ။ အစိုးရဌာနများမှ ဝန်ထမ်းများ သို့မဟုတ် အရပ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများ
**ဆွေးနွေးမည့်နည်းစနစ်။** ။ အုပ်စုဖွဲ့ဆွေးနွေးခြင်း (လက်ဖက်ရည်ကြမ်းစကားပိုင်း)
**ဆွေးနွေးပွဲတွင်ပါဝင်သူ။** ။ ၅ ဦး အနည်းဆုံး (လယ်သမား၊ လယ်ယာလုပ်သား၊ ကျေးရွာသူကျေးရွာသား)
**ကြာမည့်အချိန်။** ။ ၁ နာရီ ၅၀ မိနစ်
**လိုအပ်သောပစ္စည်း။** ။ DVD Player ၊ ပိုစတာဆိုဒ် စာရွက်အကြီး၊ Marker ၊ မှတ်စုစာအုပ်နှင့် ဘောပင်

## ဆွေးနွေးပွဲ အစီအစဉ်

**အခန်း ၁။ ။ မိတ်ဆက်ခြင်း (၁၀ မိနစ်)**

- ဦးဆောင်ဆွေးနွေးသူက ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ အချင်းချင်းကို မိတ်ဆက်ပေးခြင်းဖြင့် ဆွေးနွေးပွဲကို စတင်ပါ။ (တစ်ဦးချင်း ၎င်းတို့၏နေရပ်လိပ်စာနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းကို ပြောပါစေ။)

- ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ ရင်းနှီးစွာ မေးမြန်းဆွေးနွေးနိုင်ကြောင်း တိုက်တွန်းပါ။

- ဦးဆောင်ဆွေးနွေးသူက ပါဝင်ဆွေးနွေးသူတစ်ဦးချင်းစီကို ဤဆွေးနွေးပွဲမှ ရရှိလာမည့် မျှော်လင့်ထားသော တစ်စုံတစ်ရာ ရှိမရှိကို မေးမြန်း၍ ဆွေးနွေးစေပါ။ ဦးဆောင်ဆွေးနွေးသူသည် အထက်တွင် ဖော်ပြထားသော ရည်ရွယ်ချက်များကို ရှင်းလင်းပြပြီး၊ ဆွေးနွေး ပွဲ အစီအစဉ်ကို ရှင်းလင်းပြပါ။

**အခန်း ၂။ ။ ပူပေါင်းစဉ်းစားခြင်း (၁၅ မိနစ်)**

- မိတ်ဆက်ခြင်းပြီးနောက် ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူများ လိုအပ်သော သတင်းအချက် အလက်များကို ပဏာမသိရှိနိုင်ရန် အောက်ပါ ယေဘူယျဆန်သော မေးခွန်းများ မေးခြင်းဖြင့် တစ်ဦး ချင်းကို စူးစမ်းလေ့လာ ကြည့်ပါ။

  (က) လက်ရှိ အသုံးချသော စိုက်ပျိုးနည်းစနစ်များနှင့် သီးနှံထွက်ရှိမှုအပေါ် သင့်အနေဖြင့် ကျေနပ်မှုရှိပါသလား။

  (ခ) ဤဒေသမှ တောင်သူများ အဓိက ရင်ဆိုင်ရသည့် အခက်အခဲများက အဘယ်နည်း။

  (ဂ) စိုက်ပျိုးနည်းစနစ်သစ်များကို သင်ယူလေ့လာရန်နှင့် စမ်းသပ်ရန် စိတ်ဝင်စားပါ သလား။

  (ဃ) တောင်သူများ စိုက်ပျိုးရေး အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်ကောင်းမွန်စေရန် မည်သည့် သတင်းအချက်အလက်များ လိုအပ်မည်နည်း။

| ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၁) |
| --- |
| ❖ အခန်း (၁) တွင် ဆွေးနွေးပွဲသို့ လာရောက်သူများသည် ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် ဆွေးနွေး ပုံနည်းလမ်းကို သိရှိပြီ ဖြစ်သည်။ |
| ❖ အခန်း (၂) ၏ ရည်ရွယ်ချက်မှာ ပါဝင်ဆွေးနွေးမည့်သူများ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းရင်းနှီးနှီး ဖြစ်စေရန်နှင့် ဆွေးနွေးဖလှယ်လိုစိတ်များ ဖြစ်ပေါ်လာစေရန် နှိုးဆွပေးရန် ဖြစ်သည်။ |
| ❖ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပါဝင်ဆွေးနွေးသူများက ၎င်းတို့နေ့စဉ်ဘဝအတွက် မည်သည့် သတင်းအချက် အလက်များ လိုအပ်နေကြောင်းကို ဦးဆောင်ဆွေးနွေးသူက နားလည်နိုင်မည် ဖြစ်သည်။ |
| ❖ အထက်ပါ မေးခွန်း (၄) ခုကို ဆွေးနွေးရာတွင် မေးခွန်းတစ်ခုမေးပြီးတိုင်း ပါဝင်ဆွေးနွေးသူ တစ်ဦးချင်းစီ၏ အဖြေများကို စာရွက်ချပ်အကြီးပေါ်တွင် ဦးဆောင်ဆွေးနွေးသူက ရေးမှတ်ရပါမည်။ ဤအဆင့်တွင် ပြန်လှန်ဆွေးနွေးခြင်း မပြုရပါ။ |

**အခန်း ၃။** **။ "ကော်ဖီ သို့မဟုတ် ရှာငံဒေသ၏ အဓိကထွက်ကုန်" အကြောင်း ရုပ်မြင်သံကြားဇာတ်လမ်း အစီအစဉ်ကို ကြည့်ရှုလေ့လာခြင်း**
**(၃၀ မိနစ်)**

- ဦးဆောင်ဆွေးနွေးသူသည် ဤတီဗွီအစီအစဉ် အကြောင်းအရာကို အကျဉ်းမျှ ရှင်းပြပါ။ ထိုသို့ရှင်းပြရာ တွင် အောက်ပါအချက်များ ပါဝင်ပါစေ။

  "ဤတီဗွီအစီအစဉ်သည် ရှာငံမြို့နယ်အတွင်းရှိ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု အခြေအနေကို ရိုက်ကူးတင်ဆက်ထားခြင်း ဖြစ်ပါသည်။ ထိုဒေသရှိ ကော်ဖီစိုက် တောင်သူများသည် နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာအကူအညီဖြင့် အရည်အသွေးမြင့်မားသော ကော်ဖီများ ထုတ်လုပ်လာနိုင်ပြီး၊ နိုင်ငံတကာဈေးကွက်အထိ တင်ပို့နိုင်မှုအကြောင်း တင်ပြထားခြင်း ဖြစ်ပါသည်။"

- ထိုနောက် တီဗွီဇာတ်လမ်းအစီအစဉ်ကို ဖွင့်ပြပြီး၊ သေချာအာရုံစိုက် ကြည့်ရှုလေ့လာရန် တိုက်တွန်းပါ။ ကြည့်ရှုစဉ်အတွင်း ၎င်းတို့မေးမြန်းဆွေးနွေးလိုသော အကြောင်းအရာများကို စဉ်းစားထားရန် တိုက်တွန်းပါ။

- တီဗွီအစီအစဉ်ကို ကြည့်ရှုပြီးနောက် ဦးဆောင်ဆွေးနွေးသူက ကြည့်ရှုသူတစ်ဦးချင်းစီကို ၎င်းတို့၏ မှတ်မိသမျှ သတင်းအချက်အလက်များအား မေးမြန်း၍ မှတ်တမ်းတင်ပါ။

**အခန်း ၄။** **။ရုပ်မြင်သံကြားအစီအစဉ် ကြည့်ရှုပြီးနောက် လေ့လာတွေ့ရှိချက်များကို ဆွေးနွေးခြင်း**
**(၄၅ မိနစ်)**

- ဤရုပ်မြင်သံကြားဇာတ်လမ်းကို ကြည့်ရှုပြီးနောက် မည်သည့်သတင်းအချက်အလက်များ လေ့လာရရှိခဲ့သည်ကို ပါဝင်ဆွေးနွေးသူများနှင့် အုပ်စုဖွဲ့ဆွေးနွေးပါ။ ရုပ်မြင်သံကြားဇာတ်လမ်းမှ ၎င်းတို့ မြင်ခဲ့ကြားခဲ့ သမျှအပေါ် မေးခွန်း မေးမြန်းနိုင်ရန် အခွင့်အရေးပေးပါ။

- ပါဝင်ဆွေးနွေးသူများအတွက် အရေးကြီးသော ရုပ်မြင်သံကြားဇာတ်လမ်းအပေါ် ဆွေးနွေးချက်များကို စနစ်တကျ ပြန်လည်ဆွေးနွေးနိုင်ရန် ဦးဆောင်ဆွေးနွေးသူကို အထောက်အပံ့ဖြစ်စေမည့် အချက်များကို အောက်တွင် ဖော်ပြထားပါသည်။

- ပါဝင်ဆွေးနွေးသူများ၏ အရပ်ဒေသနှင့် အသက်မွေးဝမ်းကြောင်း လိုအပ်ချက်ကိုလိုက်၍ အပိုင်းအားလုံးကို သော်လည်းကောင်း၊ အသင့်လျော်ဆုံးအပိုင်းများကို ရွေးချယ်၍ သော်လည်း ကောင်း ဆွေးနွေးပါ။ ဆွေးနွေးချက်များကို နောက်ဆက်တွဲ (၁) ဆွေးနွေးချက်မှတ်စုပုံစံ ကိုသုံး၍ မှတ်တမ်းတင်ပါ။

## အပိုင်း (၁)။ ။ မိရိုးဖလာ စိုက်ပျိုးနည်းမှ ခေတ်မီနည်းစနစ်များ ပြောင်းလဲ၍ ကော်ဖီအရည်အသွေးမြှင့်တင်ခြင်း

**အဓိကကျသော သတင်းစကားများ**

- ကော်ဖီမျိုးကောင်း အထွက်နှုန်းတိုးဖို့ နည်းမှန် စနစ်မှန် စိုက်ကြစို့
- ကော်ဖီပင်အရိပ် ရဖို့ရာ ခါတော်မှီ ပင်ကြီး စိုက်ကြပါ

(၁) ရှာင်ဒေသမှာ ကော်ဖီကို မိရိုးဖလာ စိုက်ပျိုးထုတ်လုပ်သည့် နည်းလမ်းတွေက အဘယ်နည်း။ ကော်ဖီစိုက် တောင်သူတွေ မည်သည့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) ကော်ဖီပင်ကို ကြုံသလိုစိုက်ပျိုးခြင်း၊ (၂) ကော်ဖီသီးကို အမှည့်အစိမ်းရောခူးခြင်း၊ (၃) ကော်ဖီသီးများကို မြေကြီးပေါ်လှမ်းခြင်း၊ (၄) ဆုံဖြင့်ထောင်း၍ အခွံချွတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ကော်ဖီ အရည်အသွေးနှင့် အထွက်နှုန်းမကောင်းခြင်းနှင့် ဝယ်ယူသူ ရှားပါးပြီး ဈေးနှုန်းမကောင်းခြင်းတို့ ကြုံတွေ့ခဲ့ရသည်။

(၂) ခေတ်မီ ကော်ဖီစိုက်ပျိုးထုတ်လုပ် နည်းစနစ်များက အဘယ်နည်း။ တောင်သူများ မည်သည့် တိုးတက်မှုများ ရရှိခဲ့သနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးခြင်း၊ (၂) ကော်ဖီပင်များကို အတန်းလိုက်စိုက်ပျိုးပြီး၊ စနစ်တကျ ကိုင်းဖြတ်ကိုင်ညှပ်ပြုပြင်ပေးခြင်း၊ (၃) သဘာဝ မြေဩဇာကိုသာ သုံးစွဲစေခြင်း၊ (၄) အရိပ်ရအပင် (ဥပမာ ခါတော်မီအပင်) များအောက်တွင် စိုက်ပျိုးခြင်း၊ (၅) ကော်ဖီသီးကို မှည့်မှ ခူးခြင်း၊ (၆) ကော်ဖီသီးမှည့်ကို ရေဆေး အခွံချွတ်၍ စင်ဖြင့်လှမ်းခြင်း ဖြစ်သည်။ ထို့ကြောင့် ကော်ဖီ အထွက်နှုန်းနှင့် အရည်အသွေး သိသာစွာ တိုးတက်ကောင်းမွန်လာသည်။

(၃) ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများထံမှ မည်သည့် အကူအညီများ ရရှိခဲ့သနည်း။ အဆိုပါ အကူအညီများကြောင့် တောင်သူများ မည်သည့် အကျိုးကျေးဇူးများ ရရှိခဲ့သနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ အမေရိကန်နိုင်ငံ အခြေစိုက် Winrock International အကူအညီဖြင့် (၁) စိုက်ပျိုးနည်းစနစ် သင်တန်းများ၊ (၂) ကော်ဖီစေ့ထုတ် လုပ်ပုံ အဆင့်ဆင့် နည်းလမ်းများ၊ (၃) နိုင်ငံတကာ ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ (၄) လိုအပ်သော အရင်းအနှီးအတွက် ချေးငွေရှာဖွေချိတ်ဆက် ပေးခြင်း။

## အပိုင်း (၂)။ ။ နိုင်ငံတကာဈေးကွက်သို့ ကော်ဖီတင်ပို့မှုနှင့် စိန်ခေါ်မှုများ

**အဓိကကျသော သတင်းစကားများ**

- အရည်အသွေးပြည့်မှီ ဈေးကွက်ဝင်ဖို့ ပူးပေါင်းဆောင်ရွက် ကြပါစို့
- တန် ၁၀၀ တင်ပို့နိုင်ဖို့ ငွေရင်းစုပေါင်း ထည့်ဝင်စို့

(၁) ကော်ဖီ စိုက်ပျိုးခြင်းမှသည် ဈေးကွက်ရှာဖွေခြင်းအထိ မည်ကဲ့သို့ တိုးတက်ကောင်းမွန်အောင် မြန်မာနိုင်ငံ လုပ်ဆောင်ခဲ့ပါသနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) Winrock International အဖွဲ့၏ အကူအညီဖြင့် စိုက်ပျိုးနည်းပညာ၊ ထုတ်လုပ်မှုနည်းပညာနှင့် ဈေးကွက်ချိတ်ဆက်မှုများကို ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ခြင်း၊ (၂) ကော်ဖီအရည်အသွေးကို အမေရိကန်အခြေစိုက် CQI (Coffee Quality Institute) အဖွဲ့က ပညာရှင်များက အနီးကပ် ကြီးကြပ်ကွပ်ကဲပေးခြင်း။

(၂) မြန်မာ့ကော်ဖီကို မည်သည့်နိုင်ငံများသို့ တင်ပို့ခဲ့ပါသနည်း။ အနာဂတ် ကော်ဖီတင်ပို့မှု အလားအလာက အဘယ်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ မြန်မာ့ကော်ဖီကို ထိုင်ဝမ်၊ ကိုရီးယား၊ ဂျပန်၊ ပြင်သစ်၊ ဆွစ်ဇာလန်နှင့် အမေရိကန် နိုင်ငံတို့ကို တင်ပို့နိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ပထမဆုံးအကြိမ် တစ်တန်လျှင် ဒေါ်လာ (၇၀၀၀) နှုန်းဖြင့် (၃၆) တန် တင်ပို့နိုင်ခဲ့သည်။ ပြည်တွင်းဈေးကွက်တွင် ယခင်က တစ်ပိဿာ (၁၀၀၀) ကျပ်မှ (၄၀၀၀) ကျပ် အထိ မြင့်တက်ခဲ့သည်။ ကော်ဖီ ဈေးနှုန်းကောင်းမွန်မှုကြောင့် လာမည့်နှစ်များတွင် တန် (၁၀၀) အထိ နိုင်ငံခြားတင်ပို့နိုင်ရန် မျှော်မှန်းထားသည်။

(၃) အရည်အသွေးမြင့် ကော်ဖီထုတ်လုပ်တင်ပို့နိုင်ရန် စိန်ခေါ်မှုများက အဘယ်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ လုံလောက်သော အရင်းအနှီးရရှိရန် လိုအပ်ခြင်းနှင့် အရည်အသွေး တူညီသော ကော်ဖီစေ့များကို ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်သည့် စက်ရုံ တည်ဆောက်ရန် လိုအပ်ခြင်း။

## အပိုင်း (၃)။ ။ ရှမ်းဒေသ တောင်သူငယ်များ၏ ကော်ဖီစိုက်ပျိုးမှု အခြေအနေနှင့် အပြောင်းအလဲများ

<u>အဓိကကျသော သတင်းစကားများ</u>

- ❖ အသီးမှည့်ကိုသာ ခူးဆွတ်ပါ၊ ကော်ဖီ အရည်အသွေး တိုးတက်မှာ
- ❖ မှည့်တာခူးပြီး လှမ်းစင်တင် စက်နဲ့ နွှာရင် ဈေးကွက်ဝင်

(၁) ရှမ်းဒေသတွင် ကော်ဖီစိုက် တောင်သူငယ်များ၏ လက်ရှိအခြေအနေက အဘယ်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ ရှမ်းဒေသရှိ ကျေးရွာပေါင်း (၁၂၅) ရွာ၌ (၉၅) ရွာတွင် ကော်ဖီစိုက်ပျိုးကြသည်။ ဒေသခံကော်ဖီစိုက်တောင်သူအများစုသည် (၅) ဧက အောက် တောင်သူငယ်များဖြစ်ကြသည်။ ကော်ဖီစိုက်နည်းစနစ်သစ်များ သင်ယူလေ့လာခွင့်ရခြင်း၊ ကော်ဖီထွက်နှုန်း ကောင်းလာခြင်း၊ ဈေးနှုန်းကောင်းမွန်လာခြင်းနှင့် ဝယ်ယူမည့်သူ များပြားလာခြင်း တို့ကြောင့် ဝင်ငွေတိုးပွားပြီး အဆင်ပြေလာကြသည်။

(၂) တောင်သူငယ်များ ကြုံတွေ့ရသည့် အပြောင်းအလဲများက အဘယ်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ လိုအပ်သော အရင်းအနှီးချေးငွေ ရရှိရန်နှင့် ကော်ဖီအရည်အသွေး တူညီစွာ ထုတ်လုပ်နိုင်ရန်အတွက် တောင်သူအစုအဖွဲ့များ ပေါ်ပေါက်လာသည်။

**အပိုင်း (၄)။** ။ နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားကော်ဖီလုပ်ငန်းရှင်များ၏ ကြိုးပမ်းမှုများနှင့် ရှေ့အလားအလာ

<u>အဓိကကျသော သတင်းစကားများ</u>

- ❖ ကမ္ဘာ့ဈေးကွက်ချိတ်ဆက်ဖို့ အသင်းတွေ အချင်းချင်း လက်တွဲစို့
- ❖ နိုင်ငံခြားပို့ကုန် စံချိန်မီဖို့ အဆင့်ဆင့်နည်းလမ်းမြင့် ဆောင်ရွက်စို့

(၁) မြန်မာ့ကော်ဖီကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသား ကော်ဖီလုပ်ငန်းရှင်များ မည်ကဲ့သို့ ကြိုးပမ်းဆောင်ရွက်နေ သနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ ပြင်ဦးလွင်ရှိ စိုက်ပျိုးရေးသုတေသနဦးစီဌာနမှ နည်းပညာ ပိုင်း ကူညီပံ့ပိုးမှုများပေးခြင်း၊ နိုင်ငံသား ကော်ဖီလုပ်ငန်းရှင်များက ပြင်ဦးလွင် ကော်ဖီအသင်းကို ဖွဲ့ စည်းပြီး အရည်အသွေးတူညီသော ကော်ဖီများ ထုတ်လုပ်လာနိုင်ရန် စုပေါင်း စက်ရုံတည်ထောက် ခြင်း၊ ရေရှည်တွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ မြန်မာ့ကော်ဖီဈေးကွက်သို့ ဝင်ရောက်လာပါက ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်ခြင်း။

(၂) ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် မည်သူတွေ ပါဝင်သင့်သနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ စိုက်ပျိုးသူကနေ နောက်ဆုံး ကော်ဖီလော်တဲ့သူ ကော်ဖီဆိုင် အထိ ကော်ဖီလုပ်ငန်း ကွင်းဆက်တစ်ခုလုံးမှာ ပါဝင်သူအားလုံး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါ သည်။

**အခန်း ၅။** ။ ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုကို သုံးသပ်လေ့လာခြင်း (၁၀ မိနစ်)

- ➢ ဤဆွေးနွေးပွဲ မပြီးဆုံးမီ ဦးဆောင်ဆွေးနွေးသူသည် ဆွေးနွေးပွဲအကြောင်းအရာအပေါ် ပါဝင် ဆွေးနွေး သူများ၏ အမြင်အမှု သဘောထား မည်ကဲ့သို့ရှိပုံကို အောက်ပါ မေးခွန်းများ မေးမြန်း၍ အကဲဖြတ် လေ့လာရန် ဖြစ်သည်။

    - ဤတီဗွီအစီအစဉ်ကို ကြည့်ရှုခြင်းဖြင့် မည်သည့် သတင်းအချက်အလက်များ ရရှိခဲ့ပါ သနည်း။ ထိုသတင်းအချက်အလက်များသည် သင့်အတွက် အသုံးဝင်ပါသလား။ အဘယ် ကြောင့်နည်း။

    - သင်၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပိုမိုတိုးတတ် ကောင်းမွန်ရေးအတွက် အခြား မည်သည့် သတင်းအချက်အလက်များ လိုအပ်ပါသနည်း။

- ➢ ဒေသခံပြည်သူများသည် ၎င်းတို့လိုအပ်သော သတင်းအချက်အလက်များ ဆက်လက်ရရှိစေ ရန် အထက်ပါမေးခွန်းများ၏ အဖြေများကို အခြားပညာပေးလုပ်ငန်းများအတွက် ပြန်လည် အသုံးချနိုင်ရန် မှတ်တမ်းထားရှိပါ။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၂)**

တီဗွီအစီအစဉ်တစ်ခုကို အသုံးပြု၍ စကားဝိုင်းဆွေးနွေးပွဲတစ်ခု ပြင်ဆင်ရာတွင် ဦးဆောင်ဆွေးနွေးသူသည် အောက်ပါတို့ကို ကြိုတင် ပြင်ဆင်ထားရန် လိုအပ်သည်။

- ✓ တီဗွီ အစီအစဉ်ပါ အကြောင်းအရာအတွက် သင့်လျော်သော် နားထောင်သူအုပ်စုကို ကြိုတင် စုစည်းထားပြီး၊ ဆွေးနွေးပွဲမတိုင်မီ ၎င်းတို့အား ကြိုတင်အကြောင်းကြားထားရန်။
- ✓ အကယ်၍ နားထောင်သူအုပ်စုသည် တိုင်းရင်းသားများဖြစ်ပြီး ဦးဆောင်ဆွေးနွေးသူသည် ဒေသဘာသာစကားကို မပြောနိုင်ပါက ဒေသခံဘာသာစကားပြောဆိုနိုင်သူတစ်ဦးကို ဘာသာပြန် ပေးရန် ကြိုတင်ပြင်ဆင် ထားပါ။
- ✓ နားထောင်သူများ အလွယ်တကူလာရောက်နိုင်သည့် အဆင်ပြေသောနေရာတွင် လုပ်ဆောင်ရန် ဆုံးဖြတ်ပါ။
- ✓ ဆွေးနွေးပွဲတွင် အသုံးပြုမည့် ပစ္စည်းများ (ဥပမာ - TV ၊ DVD ပြစက်) ဆွေးနွေးပွဲ ကျင်းပသည့် နေရာတွင် ရရှိနိုင်ခြင်းရှိမရှိနှင့် မရရှိနိုင်ပါက ဦးဆောင်ဆွေးနွေးသူမှ ၎င်းနှင့်အတူတကွ ယူဆောင်လာရန် ဖြစ်သည်။
- ✓ ဆွေးနွေးချက်များကို မှတ်တမ်းတင်နိုင်ရန်နှင့် အနာဂတ်ဆွေးနွေးပွဲများအတွက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် အသံဖမ်းစက် သို့မဟုတ် မှတ်စုစာအုပ်ဖြင့် မှတ်တမ်းတင်ရန် လိုအပ်သည်။

## ဦးဆောင်ဆွေးနွေးသူအတွက် ရည်ညွှန်းချက်

### ကော်ဖီ သို့မဟုတ် ရှာငံဒေသ၏ အဓိကထွက်ကုန်

**ခင်သူဇာနွယ် (တင်ဆက်သူ)။** ။ ရုပ်မြင်သံကြားပရိတ်သတ်များ မင်္ဂလာပါရှင်။ ကျမအခုရောက်ရှိနေတာကတော့ ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ကော်ဖီစိုက်ပျိုးရာ ရှာငံဒေသကို ရောက်ရှိနေ ခြင်းပဲဖြစ်ပါတယ်။ ဒေသခံတွေဟာ အရည်အသွေးကောင်း ကော်ဖီတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့နဲ့ ကမ္ဘာ့ဈေးကွက်အထိ ထိုးဖောက်နိုင်ဖို့အတွက် နည်းပညာဗဟုသုတတွေ အထောက်အပံ့တွေကို အစိုးရနဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေ ထံကနေပြီးတော့ ဘယ်လိုမျိုးရယူဆောင်ရွက်နေတယ်ဆိုတဲ့ အကြောင်းအရာတွေကို ရိုက်ကူးတင်ဆက်ပေးသွားမှာပဲ ဖြစ်ပါတယ်ရှင်။

**အပိုင်း (၁)။ ။ မိရိုးဖလာ စိုက်ပျိုးနည်းမှ ခေတ်မီနည်းစနစ်များ ပြောင်းလဲ၍ ကော်ဖီအရည်အသွေးမြှင့်တင်ခြင်း**

**အောင်ကျော်မိုး (သတင်းထောက်)။** ။ ရုပ်မြင်သံကြားပရိသတ်များခင်ဗျာ… သဘာဝသယံဇာတ အရင်းအမြစ်တွေပေါ်ကြွယ်ဝတဲ့ ကျနော်တို့ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်လျက်ရှိသလို ဒေသအလိုက် စိုက်ပျိုးသီးနှံ မျိုးစုံပေါများစွာထွက်ရှိတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ ဒီလိုရာသီရေမြေဥတုကောင်းမွန်ပြီး စိုက်ပျိုးသီးနှံတွေအောင်မြင်တဲ့ ဒေသတွေထဲမှာ အခုကျနော်တို့ တွေ့မြင်နေရတဲ့ ဒေသလည်း ပါဝင်ပါတယ်။ ရှာငံမြို့နယ်ဟာ ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၄ဝဝဝ) ကျော်မှာ တည်ရှိပါတယ်။ ဒီဒေသမှာတော့ လက်ဖက်၊ ကော်ဖီ၊ ထောပတ်၊ လီမွှော်စတဲ့ နှစ်ရှည်သီးနှံပင်တွေနဲ့ တခြားစားသုံးသီးနှံမျိုးစုံလည်း စိုက်ပျိုးထွက်ရှိပြီး၊ ကော်ဖီပင်တွေကိုတော့ အဓိကစိုက်ပျိုးကြတာ ဖြစ်ပါတယ်။ အဲ့ဒီလို ကော်ဖီစိုက်ပျိုးရာမှာ ဒေသခံတောင်သူတွေအနေနဲ့ မိရိုးဖလာနည်းလမ်းတွေ အသုံးပြုခဲ့တာကြောင့် အရည်သွေးပြည့်မှီပြီး ဈေးကွက်ဝင်ကော်ဖီတွေ ထုတ်လုပ်နိုင်ဖို့ အရင်က အခက်အခဲတွေ ရှိခဲ့ပါတယ်။

**ဦးအေးကို(တောင်သူ၊ နွားဘန်းကြီးကျေးရွာ၊ ရှာငံမြို့နယ်)။** ။ အခက်အခဲကဘာလဲဆိုတော့ ကျွန်တော်တို့မှာ အရင်တုန်းကဒီမှာ ကော်ဖီကိုဖျာနဲ့လှန်းပြီးတော့ ဆုံတွေနဲ့ပဲ ထောင်းကြတာပေါ့နော် ထောင်းပြီး အစေ့ ထုတ်တယ်၊ အစေ့ထုတ်ပြီးမှ နောက်ကြမှ ဖြေးဖြေးရောင်းကြတာပေါ့နော် ဈေးလေးနည်းနည်းစောင့်လိုက်နဲ့ပေါ့ ဟိုး အရင်ကဆိုတော့ ဝယ်တဲ့လူကလည်း နည်းနည်းတော့ ရှားပါးတာပေါ့နော်။

**အောင်ကျော်မိုး။** ။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ ထောက်ပံ့မှုတွေကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေက ကူညီပေးလျက်ရှိရာမှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် ပိုမိုကောင်းမွန်တဲ့ စိုက်ပျိုးရေးနည်းစနစ်တွေကို USAID ရဲ့ အထောက်အပံ့နဲ့ Winrock International အဖွဲ့အစည်းက လာရောက်ကူညီပေးနေပါတယ်။

**ဦးကိုကိုဝင်း (Winrock International)။** ။ တောင်သူငယ်တွေအတွက်ကြတော့ သူတို့က ဒီကော်ဖီကို တကယ်စတင်စိုက်ပျိုး ထုတ်လုပ်သူတွေဖြစ်တဲ့အတွက် သူတို့ရဲ့လိုအပ်ချက်နဲ့ကိုက်ညီတဲ့ စိုက်ပျိုးတဲ့နေရာမှာ ဘယ်လိုအရည်သွေးကောင်းအောင် စိုက်ပျိုးမလဲ၊ ဘယ်လိုအထွက်များအောင် စိုက်ပျိုးမလဲ၊ ကော်ဖီပင်တွေရဲ့ ကျန်းမာ သန်စွမ်းရေးကို ဘယ်လိုလုပ်မလဲ ဒါတွေကိုအဓိက စိုက်ပျိုးတဲ့နည်းပညာတွေနဲ့ ပတ်သက်ပြီး အကူအညီပေးပါတယ်။

**အောင်ကျော်မိုး။** ။ အရည်အသွေးပြည့်မှီပြီး ဈေးကွက်ဝင် တန်ဖိုးမြင့် ကော်ဖီများ ထုတ်လုပ်ရာမှာ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ အဓိကကျပါတယ်။ လက်ရှိ ရွာငံမြို့နယ်မှာ ကော်ဖီထွက်ရှိတဲ့ စိုက်ပျိုး ဧကပေါင်း (၇၀၀၀) ကျော်ရှိပြီး နည်းပညာပိုင်းနဲ့ပတ်သက်တဲ့ အကူအညီတွေကို NGO ၊ INGO စတဲ့ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး၊ သက်ဆိုင်ရာဌာနတွေက ထောက်ပံ့ပေးနေပါတယ်။ (02:10 – 02:35)

**ဦးကျော်မျိုးသန့် (စိုက်ပျိုးရေးဦးစီးဌာန၊ရွာငံမြို့နယ်)။** ။ ကျွန်တော်တို့က လက်ရှိမှာတော့ တောင်သူတွေကို စိုက်နည်းစနစ်မှန်ကန်အောင် ကျွန်တော်တို့ (၈) ပေ (၄) ပေ အတန်းလိုက်စိုက်တဲ့စနစ်လေးတွေ မှန်ကန်အောင် နောက်တစ်ခုက သဘာဝမြေသြဇာတွေ ပြုလုပ်သုံးစွဲအောင် နောက်ကော်ဖီသီးနှံရဲ့ အထွက်နှုန်းရော အရည်အသွေးရော ဒါတွေတိုးတက်လာအောင် သူတို့ကို ကျွန်တော်တို့က ကျေးရွာတွေမှာ ကွင်းထဲအရောက် ဆောင်ရွက်နေပါတယ်။ နောက်တစ်ခုက ကော်ဖီပင်တွေကို ကိုင်းဖြတ်ပြုပြင်ခြင်း လုပ်ငန်းတွေ ဒါတွေကိုရော အကုန်လုံးကျွန်တော်တို့ စိုက်ကွင်းထဲထိ တောင်သူတွေသိရှိအောင် လက်ရှိကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

**အောင်ကျော်မိုး။** ။ ကော်ဖီပင် စိုက်ပျိုးရာမှာ အရိပ်ကောင်းမွန်စွာရရှိဖို့ကလည်း အဓိက လိုအပ်ချက် ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရွာငံတောင်သူတွေဟာ လက်ရှိကော်ဖီစိုက်ပျိုးရေး အတွက် နှစ်ရှည်သီးနှံပင် တွေဖြစ်တဲ့ သရက်၊ ပိန္နဲ၊ ဒညင်း၊ ထောပတ်စတဲ့ အပင်ကြီးတွေအောက်မှာ အများဆုံး စိုက်ပျိုးနေတာဖြစ် ပါတယ်။ ဒီလိုအရိပ်ရပင်တွေကို စိုက်ပျိုးရာမှာ သဘာဝပတ်ဝန်းကျင်နဲ့ သင့်လျော်ပြီး မြေဆီလွှာကို အားကောင်းစေတဲ့ ခါတော်မီပင်ကိုသာပိုမို စိုက်ပျိုးသင့်တယ်လို့ သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တွေက လမ်းညွှန်အကြံပြုထားပါတယ်။

**ဦးအေးကို (တောင်သူ)။** ။ ကော်ဖီစိုက်ပျိုးမယ်ဆိုရင် ကျွန်တောတို့ကို နည်းပညာသင်တန်းတွေက ပြောတာကတော့ ခါတော်မီပင်စိုက်မယ် အပင်ကလည်းသဘာဝကို ထိန်းသိမ်းတဲ့ အပင်မျိုးဆိုတော့ အဲ့ဒီ အပင်ရိပ်အောက်မှာ ကော်ဖီစိုက်ရင် ပိုပြီးအဆင်ပြေတယ်လို့ ကျွန်တော်တို့ သင်တန်းတွေမှာတော့ ပေးတာ ပေ့ါနော်။

**အောင်ကျော်မိုး။** ။ လက်ရှိမှာ ကော်ဖီစိုက်တောင်သူတွေအတွက် လိုအပ်တဲ့ နည်းပညာပိုင်းတွေကို သင်တန်းတွေ ပေးနေတဲ့ Winrock International အဖွဲ့ဟာ ကော်ဖီစိုက်ပျိုးရေးအတွက် ငွေကြေးထောက်ပံ့ မှုပေးတာမဟုတ်ဘဲ မျိုးစေ့ရွေးချယ်ခြင်း၊ စိုက်ခင်းသစ်တည်ထောင်ခြင်း စတဲ့ နည်းပညာသစ်တွေနဲ့ ကူညီပေးနေတာ ဖြစ်ပါတယ်။ ဒါတွင်ဘဲလားဆိုတော့ မဟုတ်သေးပါဘူး။ ငွေကြေး ရရှိနိုင်တဲ့ အခွင့်အလမ်းတွေ တိုးပွားဖို့အတွက် တောင်သူအချင်းချင်း စုဖွဲ့ကာ ကော်ဖီစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ချေးငွေ ရရှိနိုင်ဖို့ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးနေတာတွေလည်း ရှိပါတယ်။

**ဦးကိုကိုဝင်း (Winrock International)။** ။ အခုလက်ရှိမှာတော့ ကျွန်တော်တို့ Winrock International အဖွဲ့က တောင်သူကိုနည်းပညာသင်တန်းပေးတဲ့အခါမှာ တခြားငွေကြေးအကူညီ လုံးဝမပေးပါဘူး။ နည်းပညာသီးသန့်ပဲ ပေးတဲ့အတွက် တောင်သူတွေက ဥပမာ ကော်ဖီကဈေးကောင်းရလာလို့ ကော်ဖီကိုတိုးချဲ့ စိုက်ပျိုးချင်တယ် ဆိုလို့

ရှိရင် သူတို့ တိုးချဲ့စိုက်ပျိုးဖို့အတွက် စတင်ပြီးမျိုးစေ့ကို ဘယ်လိုစရွေးချယ်မလဲ။ ဘယ်လိုပျိုးထောင်လဲ။ စိုက်ခင်းသစ်ကို ဘယ်လိုတည်ထောင်မလဲဆိုတဲ့ နည်းပညာတွေ ပေးပါတယ်။ တစပ်တည်းမှာပဲ တောင်သူတွေရဲ့ ငွေကြေးရရှိနိုင်ဖို့အတွက် အခွင့်အလမ်းတွေ ပိုပြီးတိုးပွားလာအောင် တောင်သူတွေ တစ်ဦးတစ်ယောက်ချင်း ရပ်တည်တာထက်စာရင် တောင်သူအချင်းချင်း လုပ်ငန်းတူ ရည်ရွယ်ချက်တူတဲ့ တောင်သူချင်းကို အစုအဖွဲ့လေးတွေ စုဖွဲ့ပေးပါတယ်။ စုဖွဲ့ပေးပြီးတော့ သူတို့စိုက်ပျိုးရေးနဲ့ပတ်သက် ပြီး ချေးငွေရရှိနိုင်တဲ့ Microfinance လုပ်ကိုင်နေတဲ့ PACT Myanmar တို့လို ဒါမျိုး အဖွဲ့အစည်းတွေ ရှိပါတယ်။ ဒီလိုဟာမျိုးတွေနဲ့ ကျွန်တော်တို့က ချိတ်ဆက်ဆောင်ရွက် ပေးပါတယ်။

**အောင်ကျော်မိုး။** ။ မြန်မာနိုင်ငံကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့ Winrock International အဖွဲ့အစည်းမှ ကူညီဆောင်ရွက်ပေးနေသလို ပြည်တွင်းကော်ဖီလုပ်ငန်းရှင်တွေကလည်း အရည်သွေးပြည့်မီတဲ့ ကော်ဖီများ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်နေကြပါတယ်။ အရည်အသွေးပြည့်မှီပြီး ဈေးကွက်ဝင်တဲ့ ကော်ဖီအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် ဆိုရင်တော့ အသီးမှည့်ချိန်မှာ မှည့်တဲ့အသီးတွေကို ရွေးချယ် ခူးဆွတ်နိုင်ဖို့ နည်းပညာတွေ လိုအပ်ပါတယ်။

**ဦးအောင်ကိုလတ် (GENIUS Coffee)။** ။ အရင်တုန်းကဆိုလို့ရှိရင် ဒီမှာတောင်သူတွေအကုန်လုံး ကျွန်တော်တို့လို ကော်ဖီသီးမှည့်ကို တိုက်ရိုက်အခွံချွတ်ပြီးတော့ Wet Method လုပ်တဲ့နည်းကို မသိကြပါဘူး မလုပ်ကြပါဘူး။ သူတို့ဟာသူတို့ ဒီအတိုင်း မှည့်တဲ့အချိန်ကြရင် အသီးခူးတယ်၊ ခူးပြီးတော့ သဘာဝအတိုင်း မြေကြီးပေါ်မှာတင်ပြီးတော့ နေလှန်းကြပါတယ်ခင်ဗျာ။ အခုကျွန်တော်တို့ ဒီရောက်လာပြီးတဲ့အခါ မှာ Wet Method လုပ်တဲ့နည်းတွေ အကုန်လုံးရယ် စင်ပေါ်မှာတင်ပြီးတော့ လှန်းတဲ့နည်းတွေအကုန်လုံးကိုလည်း ကျွန်တော်တို့ကပညာပေးအနေနဲ့ လုပ်ပေးပါတယ်ခင်ဗျာ။ အဲ့ဒါကြောင့် အရည်သွေးကတဖြည်းဖြည်းနဲ့ မြင့်မြင့်တက်လာတယ်။

**အောင်ကျော်မိုး။** ။ ဈေးကွက်ဝင် အရည်အသွေးမြင့်ကော်ဖီတွေကို စိုက်ပျိုးထုတ် လုပ်လာနိုင်တာနဲ့အမျှ တောင်သူတွေအတွက် ဝင်ငွေများများရရှိလာမှာ ဖြစ်ပါတယ်။ အရင်က ကော်ဖီ တစ်ပိသာကို ကျပ် (၁၀၀၀) ဝန်းကျင်ကနေ အခုဆိုရင် ကျပ် (၄၀၀၀) ဝန်းကျင်အထိ ဈေးကောင်းရရှိ နေကြပါတယ်။ ဒါ့ကြောင့် ကော်ဖီကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးတဲ့ တောင်သူတွေ တွက်ချေကိုက်မှု ရှိလာပြီး မိသားစုစားဝတ်နေရေးအတွက် အထောက်အပံ့ကောင်းတွေ ပိုမိုရရှိလာကြပါတယ်။

**ဦးအေးကို (တောင်သူ)။** ။ ဒီကော်ဖီစိုက်ပျိုးရေးဟာ အထောက်အကူပြုလာတဲ့ အခါကြတော့ ဝင်လာတဲ့ ငွေတွေကလည်း ပိုလျှံလာတာပေ့ါနော် နည်းပညာပိုင်းအနေနဲ့ ကုမ္ပဏီတွေကလည်း လာပြတယ်။ NGO တွေကလည်း လာပြတယ်ဆိုတော့ ကော်ဖီကလည်း အထွက်နှုန်းတိုးလာတယ်ဆိုတော့ ကျွန်တော်တို့ မိသားစု စားဝတ်နေရေးကလည်း ပြေလည်လာတယ်ဆိုတော့ ရပ်ရေးရွာရေးတွေ ထည့်ရတာလည်း အဆင်ပြေတယ်။ ပညာသင်နေတဲ့ ကျောင်းသားတွေအတွက်လည်း ပေးရတာအဆင်ပြေ သွားတာပေ့ါနော်။

## အပိုင်း (၂)။ ။ နိုင်ငံတကာဈေးကွက်သို့ ကော်ဖီတင်ပို့မှုနှင့် စိန်ခေါ်မှုများ

**အောင်ကျော်မိုး။** ။ လက်တွဲကူညီ ရှေ့သို့လှမ်းချီ ဆိုသလို ကော်ဖီလုပ်ငန်း တိုးတက်ဖို့အတွက် မြန်မာနိုင်ငံကော်ဖီအသင်းကနေ (၂၀၁၄) ခုနှစ်ကနေ စတင်ပြီး အဓိကတွန်းအားပေး ဆောင်ရွက်နေပါတယ်။ တောင်သူတွေနဲ့ ထုတ်လုပ်သူတွေ အတူတကွ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် အရည်အသွေးမြင့် ကော်ဖီထုတ်လုပ်ရေး လုပ်ငန်းတွေမှာ အရင်ကထက် တိုးတက်ကောင်းမွန်လာပါတယ်။

**ဦးဝင်းအောင်ကျော် (ဒုတိယဥက္ကဌ၊ မြန်မာနိုင်ငံကော်ဖီအသင်း)။** ။ ကျွန်တော်တို့အသင်းအနေနဲ့ကတော့ အခုအသင်းဖွဲ့ပြီးတာ ၂၀၁၄ ကတည်းစဖွဲ့ခဲ့တာ။ အဲဒီလိုစဖွဲ့တဲ့နှစ်မှာပဲ USAID PROJECT နဲ့ Winrock က နေပြီး လာကူ

တယ်။ Technician တွေ တစ်ယောက်ပြီးတစ်ယောက် Plantation ပိုင်းဆိုင်ရာရော၊ Proning ပိုင်းဆိုင်ရာ ကိုင်းဖြတ်ပြုပြင်နည်းတွေ၊ နောက်တစ်ခုက ထုတ်လုပ်မှုပိုင်းဆိုင်ရာ နည်းပညာတွေ၊ Market Linkage ဈေးကွက် ချိတ်ဆက်မှုတွေ အကုန်လုံးကို ကူညီပေးတယ်။ အဲ့လိုကူညီပေးတော့ စိုက်ပျိုးရေး သုတေသနဌာနပေါ့ ပြင်ဦးလွင်မှာရှိတဲ့ ကော်ဖီဌာနကလည်း ကျွန်တော်တို့ကို သင်တန်းတွေလာပို့ချတယ်။ စိုက်ပျိုးနည်းတွေပေါ့။ အဲ့လိုတွေနဲ့ ကျွန်တော်တို့ အသင်းကချိတ်ဆက်ပြီးတော့မှ တောင်သူတွေကိုစုပြီးတော့မှ အဲ့လိုသင်တန်းတွေပို့ချတယ်။ Winrock က ကူညီတဲ့အတွက် အခုတော့တော်တော်များများ တောင်သူတွေက ထုတ်လုပ်မှုနည်းပညာတွေ သိလာကြတယ်။ စိုက်ပျိုးနည်းပညာတွေလည်း တော်တော်လေး တတ်လာကြတယ်။

**အောင်ကျော်မိုး။** ။ လက်ရှိမှာ မြန်မာနိုင်ငံမှ ထွက်ရှိလာတဲ့ကော်ဖီတွေကို ထိုင်ဝမ်၊ ကိုရီးယား၊ ဂျပန်၊ ပြင်သစ်နဲ့ ဆွစ်ဇာလန် နိုင်ငံတို့ကို တင်ပို့ရောင်းချလျက်ရှိပြီး (၂၀၁၆) ခုနှစ် မေလအတွင်းက ဈေးကွက်သစ် အနေနဲ့ ARABICA (အာရေဘီကာ)လို့ခေါ်တဲ့ အထူးတန်းဝင် ကုန်းမြင့်ကော်ဖီ တွေကို အမေရိကန်နိုင်ငံသို့ တန်ပေါင်း (၃၆) တန် တင်ပို့နိုင်ခဲ့ပြီး တစ်တန်ကို အမေရိကန်ဒေါ်လာ (၇၀၀၀) ကျော်ထိ ဈေးကောင်းရရှိခဲ့ ပါတယ်။ အဲ့ဒီလို တင်ပို့ရာမှာ ရှမ်းဒေသမှထွက်ရှိတဲ့ အထူးတန်းဝင်ကော်ဖီ (၁၀) တန်နီးပါး ပါဝင်တင်ပို့ နိုင်ခဲ့ပါတယ်။ ဒါပေမယ့် အခက်အခဲ တစ်ခုကတော့ ကုန်စည်တွေကို မှာယူသလောက် တင်ပို့နိုင်ခြင်း မရှိသေးတာပဲ ဖြစ်ပါတယ်။

**ဦးဝင်းအောင်ကျော်။** ။ ကျွန်တော်တို့က သာမန်ပေါ့လေ Commercial Grade ခေါ်တာပေါ့ အဲ့လောက် ပဲ ထုတ်နိုင်တာပေါ့ အဲ့လောက်ထုတ်တာ ကျွန်တော်တို့ သိတာပေါ့။ သူတို့ကလည်း ထိုက်သင့်သလောက် ပညာရှင်တွေ လာကူတယ်။ အခု USAID ကကြတော့ CQI (Coffee Quality Institute) က ပုဂ္ဂိုလ် တွေကိုယ်တိုင် လာပြီးတော့ အနီးကပ် ကွပ်ကဲပေးတယ်။ ကွပ်ကဲပေးပြီးတော့ တောင်သူငယ်လေးတွေကို တစ်ရွာတစ်ရွာမှာစုပြီး Specialist ထုတ်နည်းကို သင်ပေးတယ်။ ထွက်လာတဲ့ဟာကို Winrock ကပဲ ဈေးကွက်ချိတ်ဆက်ပြီးတော့ အမေရိကန်က ကုန်သည်တွေက လာဝယ်တယ်။ လာဝယ်တော့ ရှမ်း တစ်မြို့နယ်လုံးအနေနဲ့ ပြီးခဲ့တဲ့နှစ်က (၁၀) တန်ပို့လိုက်တယ်။ ဒီနှစ်လည်း တန် (၁၀၀) လောက်ထိပို့ဖို့ ရည်မှန်းထားတယ်။ ရည်မှန်းထားတဲ့နေရာမှာ တောင်သူတွေမှာ အဓိက ကတော့ စိန်ခေါ်မှု ဘာတွေရှိလာလဲဆိုတော့ အဲ့လိုပို့ဖို့အတွက်က တကယ့်လိုအပ်တဲ့ အရည်သွေး ပို့ဖို့ဆိုတာ ကျွန်တော်တို့မှာ ထုတ်လုပ်မှုပိုင်းဆိုင်ရာ စက်ယန္တရားတွေလိုတယ်။ သူတို့မှာငွေကြေး အင်အားပေါ့ Export လုပ်နိုင်ဖို့အတွက် စရိတ် ကုန်ကျတာတွေ အမျိုးမျိုးပေါ့ ဒါတွေအတွက်ကို ကျွန်တော်တို့က ငွေကြေးအထောက်အပံ့ ဒါတွေ လိုအပ်တာပေါ့။

**အောင်ကျော်မိုး။** ။ ကျေးရွာပေါင်း (၁၂၅) ရွာရှိတဲ့ ရှမ်းဒေသမှာ ကော်ဖီစိုက်ပျိုး ထုတ်လုပ်တဲ့ ကျေးရွာ ကတော့ (၉၅) ရွာရှိပါတယ်။ ကော်ဖီဈေးကွက် မြင့်တက်လာတာကြောင့် အရည်အသွေးကောင်းတဲ့ ကော်ဖီတွေကို တစ်နိုင်တစ်ပိုင် ထုတ်လုပ်နိုင်ဖို့နဲ့ ဝယ်ယူသုံးစွဲနိုင်ဖို့ လိုအပ်လာပါပြီ။ ဒါကြောင့် ဒေသခံ တောင်သူတွေ စုဖွဲ့ထားတဲ့ အစုအဖွဲ့ပိုင် ကော်ဖီအခွံချွတ်စက်ရုံတည်ထောင်နိုင်ဖို့ ရှမ်းဒေသ ကော်ဖီအစု အဖွဲ့က ကြိုးပမ်းဆောင်ရွက်နေ ပါတယ်။

**ဦးဝင်းအောင်ကျော်။** ။ အခုဆိုရင် ဝယ်ယူသူတွေ တော်တော်များများက Welcome လုပ်နေကြပြီ။ ဒါတွေကို ပေးနိုင်ဖို့အတွက် အများအပြားထုတ်လုပ်နိုင်တဲ့ စက်ရုံကြီးများ ရခဲ့လို့ရှိရင် ရှမ်းငံ့မြို့နယ်အနေနဲ့ ပြောမယ်ဆိုရင် စက်ရုံကြီးရဖို့ ဒေသအစိုးရအဖွဲ့ဖြစ်တဲ့ ရှမ်းပြည်နယ်အစိုးရကလည်း ကျနော်တို့ကို ကူမယ်ဆိုလို့ရှိရင်တော့ တကယ့်ကို အင်နဲ့အားနဲ့ နိုင်ငံတကာ အဆင့်မှာ ထုတ်ရောင်းနိုင်တဲ့ အခြေအနေ ရှိတယ်။

## အပိုင်း (၃)။ ။ ရှမ်းဒေသ ကော်ဖီစိုက်ပျိုးမှု အခြေအနေနှင့် တောင်သူငယ်များ၏ အပြောင်းအလဲများ

**အောင်ကျော်မိုး။** ။ ဒေသခံ ကော်ဖီစိုက်ပျိုးသူ အများစုဟာ (၅) ဧက ထက်နည်းတဲ့ လုပ်ကွက်ငယ် တောင်သူတွေ ဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ကော်ဖီဈေးကွက် မြင့်တက်လာတာနဲ့အညီ အရည်အသွေးပြည့်မီတဲ့ ကော်ဖီ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် အရင်ကထက်ကို အသိပညာတွေ အများကြီး တိုးတက်လာပြီ ဖြစ်ပါတယ်။ သူတို့

ဘယ်လိုနည်းပညာတွေ ဗဟုသုတတွေ ရရှိ နေကြသလဲ။ NGO အဖွဲ့အစည်းတွေဆီကရော ဘယ်လိုနည်းပညာတွေ ရရှိနေသလဲ။

**ဦးညွန့်ဝေ (နွားဘန်းကြီးကျေးရွာ၊ ရွာငံမြို့နယ်)။** ။ ကော်ဖီစိုက်အတွေ့အကြုံကတော့ ကျွန်တော်တို့ မြေကို ကျင်းလေး ဘာလေးတူးပြီး နောက်ချေးထည့်ပြီး စိုက်ပျိုးတာဖြစ်ပါတယ်။ ကျန်တဲ့ဆေးတွေကတော့ မလိုပါဘူး၊ တခြား ဓာတ်မြေ သြဇာတွေလည်း မသုံးပါဘူး။ သူ့သဘာဝမြေဆွေးနဲ့နွားချေး ထည့်စိုက်တာ ဖြစ်ပါတယ်။ နည်းပညာ အရဆိုလို့ရှိရင် ကျွန်တော်တို့ အခုက စင်နဲ့လုန်းပြီးတော့ လုပ်ပါတယ်။ ခါတိုင်းတုန်းက ကျွန်တော်တို့က စိုက်မိစိုက်ရာ စိုက်တာကို၊ နည်းစနစ်ဆိုတာလည်း မရှိဘူး။ အခုအခါမှာတော့ စင်နဲ့ဖြန့်လှန်းပြီးတော့ ခြောက်သွေ့အောင်လုပ်ရတာ ဖြစ်ပါတယ်။ အခုတော့ သင်တန်းတွေပို့ချပြီးတဲ့ အချိန်ကြတော့ ဘယ်လိုစိုက်ရမယ်ဆိုတာ သဘောပေါက်သွား ပါတယ်။

**ဦးအေးကို (နွားဘန်းကြီးကျေးရွာ၊ ရွာငံမြို့နယ်)။** ။ အထောက်အကူဘယ်လိုရလာလဲဆိုတော့ သင်တန်း တွေပေးတော့ စနစ်တကျစိုက်နိုင်တယ် အသီးကိုထုတ်နိုင်တယ် ပြီးတော့ ကော်ဖီစေ့တွေထုတ်လုပ်တဲ့ အခါ မှာလည်း အဆင်ပြေလာတယ် အစစအရာရာ သူတို့နည်းပညာအတိုင်း လိုက်လုပ်တဲ့အခါကျတော့ အဆင် တော့ပြေလာတယ် အခုချိန်မှာတော့ NGOအဖွဲ့ကတွေလည်း နည်းပညာတွေပေးလိုက် ဝယ်တဲ့ကုမ္ပဏီတွေကလည်း ဝင်လာလိုက်ဆို တော့ တော်တော်များများကတော့ ရောင်းရဝယ်ရတာ အဆင်ပြေလာတယ်။

## အပိုင်း (၄)။ ။ နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားကော်ဖီလုပ်ငန်းရှင်များ၏ ကြိုးပမ်းမှုများနှင့် ရှေ့အလားအလာ

**အောင်ကျော်မိုး။** ။ ရွာငံဒေသမှာ အခုလို ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းတွေ ဖွံ့ဖြိုးလာအောင် ဆောင်ရွက် နေတာဟာ မြန်မာတစ်နိုင်ငံလုံးရဲ့ ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံကို တင်ပို့ရောင်းချ နေတဲ့ ကော်ဖီအများစုဟာ ပြင်ဦးလွင်ဒေသက ထွက်ရှိတာပါ။ ဥရောပဈေးကွက်အထိ အရည်အသွေးမီတဲ့ ကော်ဖီ တွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် ပြင်ဦးလွင် အစုအဖွဲ့မှာပါဝင်တဲ့ မန္တလေး ကော်ဖီလုပ်ငန်းရှင်တစ်စုက အဓိက ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ မန္တလေး ကော်ဖီအစုအဖွဲ့အနေနဲ့ ကော်ဖီလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လောက်များ အထောက်အကူပြုနိုင်သလဲ။

**ဦးမင်းလှိုင် (Mandalay Coffee Group Co.,Ltd.)။** ။ ကော်ဖီလုပ်ငန်းတိုးတက်ဖို့အတွက်ကတော့ ကျွန်တော်တို့ အကုန်လုံး ပါဝင်ရမှာပေါ့နော်။ ကျွန်တော်တို့ Chain တစ်ခုလုံးမှာရှိတဲ့ စိုက်ပျိုးသူကနေ နောက်ဆုံး ကော်ဖီလျော်တဲ့ သူ ကော်ဖီဆိုင်အထိပေါ့၊ စိုက်ပျိုးတဲ့သူက ဘယ်လောက် ကော်ဖီ ကောင်းကောင်း ထုတ်ထုတ်၊ ဝယ်မယ့်လူမရှိရင် လည်း အလကားဘဲ။ ဒီကော်ဖီ သုံးမယ့်လူမရှိရင်လည်း အလကားပဲ။ ဒီအစိုးရ Research တွေ၊ ကျနော်တို့ အသင်း အဖွဲ့တွေက စုပေါင်းပြီး ဆက်လုပ်ရမှာပေါ့၊ စိုက်ပျိုးတဲ့တောင်သူတွေကလည်း ကိုယ့်ကော်ဖီကို ကိုယ်ဂရုတစိုက် ထုတ်မယ်။ ဒီဘက်ကသုံးစွဲတဲ့ အပိုင်းကလည်း ပြည်ပပို့မှာ မဟုတ်ပါဘူး ပြည်တွင်းမှာတင် ကော်ဖီ Demand က အရမ်းတက်လာပါတယ်။

**အောင်ကျော်မိုး။** ။ ဟုတ်ကဲ့ပါဆရာ။ ဆရာတို့ အခုမြန်မာနိုင်ငံမှာ ကော်ဖီ Cluster လေးတွေဖွဲ့ပြီး လုပ်တာ (၄) နေရာတောင်ရှိတယ်လို့ သိရပါတယ်။ အဲ့လို Cluster တွေ ဖွဲ့လုပ်တာကရော ကော်ဖီလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ဘယ်လောက်အထိ အထောက်အကူဖြစ်လဲ။

**ဦးမင်းလှိုင်။** ။ အရမ်းအရေးကြီးပါတယ် ကျွန်တော်တို့ ပြင်ဦး လွင် Cluster ဆိုရင် ပြင်ဦးလွင် Cluster ကနေ ဖွဲ့ထားတဲ့ ကုမ္ပဏီ မန္တလေးကော်ဖီ group ဆိုတာ ရှိပါတယ်။ အရင်တုန်းကဆို နိုင်ငံခြားသား လာဝယ်တယ်။ ကျွန်တော်ကော်ဖီကြိုက်တယ်။ ဒါပေမယ့် ကျွန်တော့ကော်ဖီက သူတို့လိုချင်သလောက်မပေးနိုင်ဘူး။ အဲလိုပဲ ကျွန်တော်တို့ထက် ကြီးတဲ့ခြံကြီးတွေရှိတယ်။ သူတို့က ဟိုခြံနဲ့ ဒီခြံပေါင်းလိုက်ရင် အရည်သွေး မတူမှာ စိတ်ပူတယ်။ အခု ကျွန်တော်တို့ ဒီလိုစုပေါင်းပြီးတော့ စက်ရုံတည်ပြီးတော့ ထုတ်တဲ့အတွက် လာတဲ့ကော်ဖီကိုလည်း အော်ဒါပေး

သမျှကို လည်းရောင်းနိုင်မယ်။ ကျွန်တော်တို့အရည်သွေးကိုလည်း စက်ကောင်းတာရော တနေရာထဲမှာ တညီတည်း ထုတ်တဲ့အတွက် ဒါကိုပဲ သူတို့ယုံကြည်တယ်ပေ့ါ။ အဲ့ဒီတော့ ဒီလိုမျိုး Cluster တွေဖွဲ့မှလည်း ကျွန်တော်တို့က ရေရှည်မှာ နိုင်ငံခြားသား Investment တွေလာလည်း ဒီလိုကုမ္ပဏီတွေလာရင်လည်း ယှဉ်နိုင်မှာပေ့ါနော်။ တစ်ဦး တစ်ယောက်တည်းနဲ့တော့ ကြာရင် ပျောက်ဆုံးသွားမှာပဲ။

**အောင်ကျော်မိုး။** ။ လက်ရှိမှာ မြန်မာ့ကော်ဖီ လုပ်ငန်းဟာ ဈေးကွက်သစ်တွေ ပိုမိုရရှိလာပြီး ဥရောပ ဈေးကွက်အထိ ထိုးဖောက်ဝင်ရောက်နိုင်တာကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းက ကော်ဖီစိုက်တောင်သူတွေအတွက် အနာဂတ် အလားအလာ ကောင်းမွန်လျက်ရှိပါတယ်။ ဒ့ါကြောင့်လည်း ကော်ဖီစိုက်တောင်သူတွေဟာ ဒီလုပ်ငန်းမှာ အရည်သွေး ပိုင်းတိုးတက်မှုတွေရှိလာပြီး ပြည်ပဈေးကွက်ကို ထိုးဖောက်ဝင်ရောက် နိုင်မှာဖြစ်တာကြောင့် ဒေသခံတောင်သူ တွေရဲ့ မိသားစုဘဝ တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်ခင်ဗျာ။

**ခင်သူဇာနွယ် (တင်ဆက်သူ)။** ။ ရုပ်မြင်သံကြားပရိတ်သတ်များရှင် ရွာငံဒေသမှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်ကြ တဲ့ တောင်သူတွေအနေနဲ့ ဒီလိုအရည်အသွေးကောင်းမွန်တဲ့ ကော်ဖီတွေရရှိဖို့အတွက် မြန်မာနိုင်ငံကော်ဖီအသင်း၊ စိုက်ပျိုးရေးပညာရှင်တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အကူအညီနဲ့ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာတွေ ရရှိ နေပြီဖြစ်တဲ့အပြင် မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်ဖို့အတွက် ကြိုးစားအားထုတ်မှု အကြောင်း အရာတွေကို တင်ဆက်ပေးမှုကို ကျေနပ်နှစ်သက်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်ရှင်။

**နောက်ဆက်တွဲ (၁)။ ။ ဆွေးနွေးချက် မှတ်စုပုံစံ**

နေရာ။ ။ ______________________မြို့နယ် ၊ ကျေးရွာအုပ်စု၊ _________________________ကျေးရွာအုပ်စု ၊ ____________________________ ကျေးရွာ

ဦးရေ။ ။ ( ) ဦး

ရေဒီယိုအစီအစဉ် အမည်။ ။ နေ့စွဲ။ ။

| စဉ် | ဆွေးနွေးသူ အမည် | ဆွေးနွေးချက်များနှင့် လေ့လာတွေ့ရှိချက်များ | ဆက်လက် ဆောင်ရွက်ရန် |
|---|---|---|---|
| | | | |